## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

၂၄ ရက်မြောက်နေ့ အစည်းအဝေး**မှတ်တမ်း အနှစ်ချုပ်**

**၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်**

**( ၂၀၁၈ ခုနှစ်၊ မတ်လ ၅ ရက် )**

**[တနင်္လာနေ့]**

၁။ ဒုတိယအကြိမ် **အမျိုးသားလွှတ်တော်** သတ္တမပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ မတ်လ ၅ ရက်နေ့ နံနက် ၁၀၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ ပါသည် -

(က) ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ စစ်ကိုင်းတိုင်း ဒေသကြီး၊ တမူးမြို့၊ စန္ဒကူးအမှတ်(၂)ရပ်ကွက်အတွင်းရှိ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်း ကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက တမူးမြို့၊ စန္ဒကူးအမှတ်(၂)ရပ်ကွက်အတွင်းရှိ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)(အ.လ.က-၂)သည် ကျောင်းအဆင့်တိုးမြှင့် ခြင်းဆိုင်ရာ သတ်မှတ်ချက်မှုများနှင့် ကိုက်ညီမှု မရှိသေးသည့်အတွက် အဆင့်တိုးမြှင့်ပေးရန် ဦးစားပေးလျာထားမှုတွင် ပါဝင်ခြင်း မရှိသေးပါကြောင်းနှင့် အဆိုပါကျောင်းသည် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဖြစ်သောကြောင့် အထက်တန်းအဆင့် ပညာရပ်များကို သင်ယူခွင့်ရရှိနေသော အခြေအနေတွင် ရှိနေကြောင်း ဖြေကြားပါသည်။

( ခ ) ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)၏ချင်းပြည်နယ်၊ ပလက်ဝမြို့၊ ရိက္ခာတိုးချဲ့(မြို့သစ်) အခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပလက်ဝမြို့၊ ရိက္ခာတိုးချဲ့(မြို့သစ်)အခြေခံပညာအလယ်တန်းကျောင်းသည် ကျောင်းအဆင့်တိုးမြှင့်ခြင်းဆိုင်ရာ သတ်မှတ်ချက်မူများနှင့် ကိုက်ညီမှုရှိပါသဖြင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်း ကျောင်း(ခွဲ) အဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရေးအတွက် စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

**ဥပဒေကြမ်း ဆွေးနွေးခြင်း**

၃။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၅)ဦးက ဆွေးနွေးပါသည်။

**ဥပဒေကြမ်း တင်သွင်းခြင်း၊ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းနှင့် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

၄။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူး ဦးစန်းဝင်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်သို့ တင်သွင်းပါသည်။

၅။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) (ဥပဒေကြမ်းကော်မတီဝင်)က အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၈-၃-၂၀၁၈ (ကြာသပတေးနေ့)ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာပါသည်။

၆။ အစည်းအဝေးကို ၁၁၀၈ နာရီ အချိန်တွင် ရပ်နားပြီး ၂၅ ရက်မြောက်နေ့ အစည်းအဝေးကို ၇-၃-၂၀၁၈ ရက်နေ့(ဗုဒ္ဓဟူးနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါသည်။

**အမျိုးသားလွှတ်တော်**